# သင်္ခါရုပေက္ခာဉာဏ်

ပဋိသင်္ခါဉာဏ် ရင့်ကျက်ပြည့်စုံလာသောအခါ၌
ဖြစ်ပျက်နေသော သင်္ခါရတရားတို့၏အာရုံကို ရှုသိရန်လည်း အထူးကြောင့်ကြ မစိုက်ရ၊
ရှုသိမိသော သင်္ခါရတရားတို့၏ အပျက်လက္ခဏာနှင့် အနိစ္စ ဒုက္ခ အနတ္တအခြင်းအရာ တပါးပါးကို
ထင်ရှားသိရန်လည်း အထူးကြောင့်ကြ မစိုက်ရ။

**သင်္ခါရာဝ သင်္ခါရေ ဝိပဿန္တိ**(ဝိသုဒ္ဓိမဂ်၊ ဒု ၊ ၂၆၃)

သင်္ခါရတရားတို့သည်သာ သင်္ခါရတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တ ဟုရှုမြင်ကြ၏-
နှင့်အညီ သူ့အလိုလိုပင် ရှုသိနေလျက်ကဲ့သို့ ရှုသိမှုသည် အရှိန်ကောင်းလျှက် ကြာမြင့်စွာဖြစ်၏၊
ရှုသိမှုတိုင်း၌ အပျက်လက္ခဏာ အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာတစ်ပါးပါးကို ရှင်းလင်းထင်ရှားစွာ
သိလျှက်ရှိ၏။

သင်္ခါရဝတ္ထုပစ္စည်း တစုံတခုပျက်စီးမည်ကို စိုးရိမ်ကြောင့်ကြမှုလည်းမရှိ၊
ဘယဉာဏ် အလိုအားဖြင့် ကြောက်ရွံ့ မှုလည်း မရှိ၊
စိတ်သည် အလွန်ပင် သန့်ရှင်းကြည်လင်နေ၏၊
ဘယ်ကာလကမှ မတွေ့ကြုံဖူးသောချမ်းသာကို တွေ့ရသည်ဟု ထင်ရ၏။
ထိုသို့ ထူးကဲကြည်လင်ချမ်းသာသော စိတ်ဖြစ်သော်လည်း ဥဒယဗ္ဗယဉာဏ်ဖြစ်ခါစလို
အလွန်အကဲ သာယာခြင်းသည် မဖြစ်၊ အလွန်အကဲ ဝမ်းသာမှုလည်း မဖြစ်။

အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုဥ္စိတုကမျတာဉာဏ်များဖြစ်ခိုက်ကဲ့သို့
သင်္ခါရတရားတို့၌ အပြစ်မြင်ခြင်း၊ ငြီးငွေ့ခြင်း၊ သင်္ခါရတရားတို့မှ လွတ်လို၍ ဆင်ခြင်ခြင်း
ရှုမကောင်းဘူးထင်၍ အားမရခြင်းများ လုံးဝမဖြစ်။

ငြိမ်သက်သိမ်မွေ့သော ရှုသိမှုသည်သာ အစဉ်မပြတ် တသမတ်တည်း
ကြာမြင့်စွာဖြစ်လျက် ရှိပေ၏။ ထိုအခါ၌ အထူးကြောင့်ကြမစိုက်ရဘဲ သူ့အလိုလိုပင်
အစဉ်မပြတ်သိလျက် သိမ်မွေ့စွာဖြစ်နေသောဉာဏ်သည် သင်္ခါရုပေက္ခာဉာဏ်ဖြစ်၏။

ဤဉာဏ်၌ ဒွိကောဋိကရှုပုံ စသည်တို့နှင့်အညီ အသိဉာဏ်ဖြစ်ပေါ်၏။

**ဧဝမေဝါယံ သဗ္ဗသင်္ခါရေဟိ မုစ္စိတုကာမော ဟုတွာ ပဋိသင်္ခါနုပဿနာယ သင်္ခါရေ ပရိဂ္ဂဏှန္တော 'အဟံ မမာ'တိ ဂဟေတဗ္ဗံ အဒိသွာ ဘယဉ္စ နန္ဒိဉ္စ ဝိပ္ပဟာယ သဗ္ဗသင်္ခါရေသု ဥဒါသိနော ဟောတိ မဇ္ဈတ္တော။**

**တဿ ဧဝံ ဇာနတော ဧဝံ ပဿတော တီသု ဘဝေသု စတူသု ယောနီသု ပဉ္စသု ဂတီသု သတ္တသု ဝိညာဏဋ္ဌိတီသု နဝသု သတ္တာဝါသေသု စိတ္တံ ပဋိလီယတိ ပဋိကုဋတိ ပဋိဝတ္တတိ န သမ္ပသာရီယတိ၊**

ဥပေက္ခာ ဝါ ပါဠိကူလျတာ ဝါ သဏ္ဌာတိ၊ ဣစ္စသ သခ်ါရုပေက္ခာဉာဏံ နာမ ဉပ္ပန္နံ ဟောတိ။

(ဝိသုဒ္ဓိမဂ်၊ ၃ ၊ ၂၉၄)

ခွင့်လွတ်မရသော အပြစ်ကို တွေ့ရသောကြောင့် အလွန်ချစ်ခင်မြတ်နိုးသော ဇနီး (ယောကျ်ား)ကို အာလယပြတ်စွန့်ကွာပြီး နောင်အချိန်၌ ယောကျ်ား (အမျိုးသမီး) တစ်ယောက်နှင့် အတူနေသည်တွေ့မြင်ရသော်လည်း စိတ်ဆိုးခြင်း မခံနိုင်ခြင်း စိတ်မချမ်းသာခြင်း မဖြစ်တော့ဘဲ အမှတ်မထား လျစ်လျူရှုသော ယောကျ်ား(အမျိုးသမီး)၏ ဖြစ်ပုံနှင့် အတူပင်။

ဤယောဂီသည် သခ်ါရတရားအားလုံးတို့မှ လွတ်လိုသည်ဖြစ်၍ သခ်ါရတရားတို့ကို ပဋိသခ်ါဉာဏ်ဖြင့် တဖန်ရှုလတ်သော် 'ငါပဲ ၊ ငါ ဉစ္စာပဲ'ဟု ထင်မှတ်ဖွယ်ကို မတွေ့ရသောကြောင့် လျစ်လျူမရှုနိုင်ပါက သခ်ါရတရားတို့၏ ပျက်စီးမှုနှင့် စပ်၍ ဖြစ်ပေါ်တတ်သော ကြောက်ရွံ့ စိုးရိမ်ခြင်း၊ ဘယဉာဏ်အလိုအားဖြင့် ဖြစ်ပေါ်သောကြောက်ခြင်းကိုငှင်း၊ လျစ်လျူမရှုနိုင်ပါက ပြည့်စုံချမ်းသာမှုနှင့်စပ်၍ ဖြစ်ပေါ်တတ်သော အားရနှစ်သက်ခြင်း၊ ရှုသိ၍ ကောင်းခြင်းကြောင့် ဖြစ်တတ်သော အားရနှစ်သက်ခြင်းကိုငှင်း ပယ်၍

**မှတ်ချက်။** ။ ဤအရာ၌ ပယ်၍ဟူသည် အထူးကြောင့်ကြစိုက်၍ ပယ်ရသည်မဟုတ်၊ မဖြစ်ပေါ်ဘဲ အလိုလို ကင်းနေသည်ကို ဆိုလို၏။

ရှုသိ၊ ဆင်ခြင်မိသော သခ်ါရတရားအားလုံးတို့၌ ချစ်ကြောက်ကင်းပ အညီအမျှထားမှု လျစ်လျူရှု၏၊ ကြောက်ချစ်ကင်းကွယ် အလယ်အလတ် သဘောရှိ၏။ဤသို့ သိမြင်သော ယောဂီအား ဘဝ(၃)ပါး၊ ယောနိ (၄)ပါး၊ ဂတိ(၅)ပါး၊ ဝိညာဏဋ္ဌိတိ (၇)ပါး၊ သတ္တာဝါသ (၉)ပါးတို့၌ စိတ်သည် ရှောင်ကွယ်သကဲ့သို့ တွန့်၏၊ ကြုံ့၏၊ ပြန်ဆုတ်၏၊ ပြန့်၍ မသွား။

**မှတ်ချက်။** ။ ပြန့်၍ မသွားဟူသည် အာရုံများစွာကို ဖြန့်၍ ရှုသော်လည်း ပြန့်၍ မသွား၊ သူ့အလိုလိုသာ အရှိန်ကောင်း၍ ရှုသိမြဲ ရှုသိလျက်ရှိ၏၊ ရပ်ပြီး ဘဝစသည်ကို ဆင်ခြင် ကြည့်လျှင်လည်း အဘယ်မျှ ချမ်းသာကောင်းသည့်အာရုံပင် ဖြစ်ပါစေ စိတ်သည် တွန့်ဆုတ် လေးဖင့်နေ၏၊ စိတ်ဝင်စားခြင်းမရှိ၊ ကြာရှည်စွာ မစဉ်းစားဘဲ ရှုသိမှုသို့သာ ပြန်ရောက်၏၊ ဤသို့ စိတ်ဖြစ်ပုံကို ဆိုလို၏။

အညီအမျှသိမှု လျစ်လျူရှုခြင်းသည်ငှင်း၊ စက်ဆုတ်ဖွယ် မနှစ်သက်ဖွယ်၏ အဖြစ်သည်ငှင်း ရှုသိစိတ် ဆင်ခြင်စိတ်၌ ကောင်းစွာတည်၏၊ ဤသို့ ဖြစ်သောယောဂီအား သခ်ါရုပေက္ခာဉာဏ် သည် ဖြစ်ပေါ်၏။

## ဒွိကောဋိက ရှုခြင်း

**ပုန စ ပရံ ဘိက္ခဝေ အရိယသာဝကော ဣတိ ပဋိသဥ္စိက္ခတိ**

**'သုညမိဒံ အတ္တေနဝါ အတ္တနိယေနဝါ'တိ။**

အာနေဉ္စသပ္ပါယသုတ် (မ ၊ ၃ ၊ ၅၀) ဥပရိပဏ္ဏာသ၊ ဒေဝဒေဟဝဂ် (ဝိသုဒ္ဓိမဂ္ဂ၊ ၃၊ ၂၉၁)

ရဟန်းတို့ ရှုမြင်ပုံ တမျိုးကား အရိယာတပည့်သည် ဤသို့ ရှုမြင်၏၊ ဤရုပ်နာမ်သည် အတ္တကောင် ဝိညာဏ်ကောင်အဖြစ်မှငှင်း အတ္တကောင် ဝိညာဏ်ကောင်၏ဥစ္စာ အဖြစ်မှငှင်း ကင်းဆိတ်၏ဟု ရှုမြင်၏။

ယောဂီသည် ရှုသိခိုက် ဆင်ခြင်ခိုက်၌ ရှုသိမိ ဆင်ခြင်မိသည့် ရုပ်နာမ်ကို 'အလိုအတိုင်း ပြီးစီးနိုင်ခြင်း၊ အလိုအတိုင်း ဖြစ်ခြင်းဟူသော 'ငါကောင်၏အဖြစ်မှလည်း ကင်းဆိတ်သည်= ငါကောင်လည်း မဟုတ်'ဟုငှင်း၊ 'ငါ ကောင်၏ ဥစ္စာအဖြစ်မှလည်း ကင်းဆိတ်သည် = ငါ ကောင် နှင့်လည်း မဆိုင်သော သဘောမျှသာဖြစ်၏'ဟုငှင်း ရှုမြင်သဘောကျ၏၊ ဤသို့ ရှုမြင်လျှင် ဒွိကောဋိကရှုခြင်းဖြစ်၏။

ဤရှုမြင်မှု နှစ်ခုတို့တွင် ငါကောင်ရှိသည်ဟု ထင်မြင်မှသာ ငါ ကောင်၏ ဥစ္စာရှိသည် ဟုလည်း ထင်မြင်နိုင်၏၊ ငါ ကောင်မျှပင် မရှိဟု ထင်မြင်နေလျှင်ကား ငါ၏ ဥစ္စာဟု မထင် မြင်နိုင်။ သို့ဖြစ်၍ ငါ ကောင်မဟုတ်၊ ငါ ကောင်မရှိ ဟု ကောင်းစွာ သိမြင်လျှင် ငါ၏ ဥစ္စာ မဟုတ်၊ ငါ၏ ဥစ္စာ မရှိ ဟု ရှုမြင်ခြင်းလည်း ပြီးစီး၏။

## စတုက္ကောဋိက ရှုခြင်း

**ပုန စ ပရံ ဘိက္ခဝေ အရိယသာဝကော ဣတိ ပဋိသဥ္စိက္ခတိ**

**'နာဟံ ကွစနိ, ကဿစိ ကိဉ္စနတသ္မိံ , န စ မမ ကွစနိ, ကသ္မိဉ္စိ ကိဉ္စနံ နတ္ထီ'တိ။**

(အာနေဉ္စသပ္ပါယသုတ်၊ ဥပရိပဏ္ဏာသ ၊ ၅၀)

ရဟန်းတို့ ရှုမြင်ပုံတစ်မျိုးကား အရိယာသာဝကသည် ဤသို့ ရှုမြင်၏ ငါကောင် အတ္တကောင်သည် ဘယ်အရပ်မှာမျှ မရှိ၊ ဘယ်ကာလမှာမျှ မရှိ၊ ဘယ်တရားထဲမှာမှ မရှိ။

ငါသည် တစုံတယောက်၏ ကြောင့်ကြဖွယ် အဖြစ်၌ ဖြစ်နေသည် မဟုတ်။ ငါသည် တစုံတစ်ယောက်၏ တစုံတခုမျှ မဖြစ်၊ ဘာမျှ မဟုတ်၊ ဘာမျှ မဆိုင်။

သူတပါးသည်လည်း ဘယ်အရပ်မှာမျှ မရှိ၊ ဘယ်ကာလမှာမျှ မရှိ၊ ဘယ်တရားထဲမှာမျှ မရှိ။

သူတပါးသည်လည်း တစုံတခုသောအရာ၌ ငါ၏ ကြောင့်ကြဖွယ်အဖြစ် ရှိသည်မဟုတ် ဖြစ်သည်မဟုတ်။

## ပဌမအဖို့အားဖြင့် ရှုမြင်ခြင်း

ယောဂီသည် ရှုသိတိုင်း ပျက်သွားသည့်သဘောမျှကိုသာ တွေ့ရ၍၊ အလိုအတိုင်း ပြီးစေနိုင်သော အတ္တကောင်ကိုကား မတွေ့ရ၊ ထို့ကြောင့် အတ္တကောင် ငါကောင်သည် ကိုယ်တွင်းမှာလည်း မရှိ၊ ကိုယ်ပမှာလည်း မရှိ၊ ဘယ်အရပ်မှာမှ မရှိ။ ရှေးကလည်း မရှိ၊ ယခုလည်း မရှိ၊ နောင်လည်း မရှိ၊ ဘယ်ကာလမှာမျှ မရှိ။ ရုပ်ထဲမှာလည်း မရှိ၊ နာမ်ထဲမှာလည်း မရှိ။

သွားမှု ရပ်မှု ထိုင်မှု အိပ်မှု ကွေးမှု ဆန့်မှုစသော ကိုယ်အမူအရာထဲမှာလည်း မရှိ။ မြင်မှု ကြားမှု ထိသိမှု ကြံတွေးမှုစသော စိတ်အမူအရာထဲမှာလည်း မရှိ။ အကောင်း အဆိုး ခံစားမှုအမျိုးမျိုးထဲမှာလည်း မရှိ၊ မှတ်သားမှုအမျိုးမျိုးထဲမှာလည်း မရှိ။အားထုတ်မှု ပြုပြင်မှု အမျိုးမျိုးထဲမှာလည်း မရှိ၊ ဘယ်တရားထဲမှာမျှ ငါ ကောင်မရှိ ဟု ပိုင်နိုင်စွာ သိမြင် သဘောကျ၍၊ ဤသို့ သိမြင်ခြင်းသည် တစ်ခုသောအဖို့အားဖြင့် အတ္တမှ ကင်းဆိတ်သည်ကို ရှုမြင်ခြင်းဖြစ်၏။

## ဒုတိယအဖို့အားဖြင့် ရှုမြင်ခြင်း

ရှုသိမှုခိုက်မှာဖြစ်စေ ရှုသိမှုသို့ အစဉ်လိုက်၍ ဆင်ခြင်ခိုက်မှာဖြစ်စေ 'ပျက်နေသည့် သဘောမျှသာ ရှိသည်၊ ငါ ကောင် ဝိညာဏ်ကောင်ကား မရှိ -ဟူ၍ မသိကြသည့်အတွက် 'ငါ့ အဖေပဲ ၊ ငါ့ သားပဲ၊ ငါ့ သမီးပဲ၊ ငါ့ အကိုပဲ၊ ငါ့ ညီပဲ' စသည်ဖြင့် သူများက ငါ့ အပေါ်မှာ စွဲလမ်းလျှက် ကြောင့်ကြစိုက်နေကြသည်၊ အမှန်အားဖြင့် သူတပါးက ကြောင့်ကြ စိုက်ဖွယ်ဖြစ်သော ငါ ကောင်သည် မရှိ ဟူ၍လည်း သိမြင်သဘောကျ၍၊ ဤသို့ သိမြင်ခြင်းသည် တစ်ခုသော အဖို့အားဖြင့် အတ္တမှ ကင်းဆိတ်သည်ကို ရှုမြင်ခြင်းဖြစ်၏။

## တတိယအဖို့အားဖြင့် ရှုမြင်ခြင်း

သူတပါး၏အဆင်းကို မြင်ခိုက်၊ အသံကို ကြားခိုက် စသည်၌ ရှုသိ၍ဖြစ်စေ ရှုသိမှုသို့ အစဉ်လိုက်ကာ ဆင်ခြင်၍ဖြစ်စေ 'သူတပါးဟု ခေါ်အပ်သော အတ္တကောင် ဝိညာဏ်ကောင်သည် ကိုယ်တွင်းမှာလည်း မရှိ၊ ကိုယ်ပမှာလည်း မရှိ၊ ဘယ်အရပ်မှာမျှ မရှိ၊ ရှေးကလည်း မရှိ၊ ယခုလည်း မရှိ၊ နောင်လည်း မရှိ၊ ဘယ်ကာလမှာမျှ မရှိ။ ရုပ်ထဲမှာလည်း မရှိ၊ နာမ်ထဲမှာလည်း မရှိ၊ မြင်ရသည့် အဆင်းထဲမှာလည်း မရှိ၊ကြားရသည့် အသံ စသည်အထဲမှာလည်း မရှိ၊ ဘယ်တရားထဲမှာမျှ မရှိ'- ဟု ပိုင်နိုင်စွာ သိမြင်သဘောကျ၍၊ ဤသို့ သိမြင်ခြင်းသည် တစ်ခုသောအဖို့အားဖြင့် အတ္တမှ ကင်းဆိတ်သည်ကို ရှုမြင်ခြင်းဖြစ်၏။

## စတုတ္ထအဖို့အားဖြင့် ရှုမြင်ခြင်း

'ပျက်နေသည့် သဘောမျှသာရှိသည်၊ အတ္တကောင် ဝိညာဏ်ကောင်ကား မရှိ'ဟူ၍ ရှေးယခင်က မသိခဲ့သည့်အတွက် 'ငါ၏ ကြောင့်ကြစိုက်ဖွယ်ဖြစ်သော အမိ၊ အဖ ၊ သား၊ သမီး အကို၊ ညီ စသော သူတပါးဟူသော အကောင်အထည်သည် တကယ်ပင် ရှိနေသည်ဟု ထင်ခဲ့၏၊ အမှန်အားဖြင့် ပျက်နေသည့် သဘောမျှသာ ရှိ၏၊

ငါ ၏ ကြောင့်ကြစိုက်ဖွယ်ဖြစ်သော သူတပါး ဟူသော အကောင်အထည်မည်သည် မရှိ’ဟူ၍ သိမြင်သဘောကျ၏။ဤသို့ သိမြင်ခြင်းသည် တစ်ခုသောအဖို့အားဖြင့် အတ္တမှ ကင်းဆိတ်သည်ကို ရှုမြင်ခြင်းဖြစ်၏။

**အကျဉ်းချုပ်**

‘အလိုအတိုင်း ပြီးစေနိုင်သည့် ငါ ကောင်လည်း မရှိ၊ သူတပါးလည်း မရှိ၊ ငါနှင့် ဆိုင်သည့် သူတပါးလည်း မရှိ၊ သူတပါးနှင့် ဆိုင်သည့် ငါလည်း မရှိ’ဟူ၍ သိမြင်သဘောကျခြင်းသည် လေးပါးသောအဖို့အားဖြင့် အတ္တကောင်မှ ကင်းဆိတ်သည်ကို ရှုမြင်ခြင်းဖြစ်၏။

ဤအဖို့လေးပါးတို့တွင်လည်း ‘ငါကောင်မရှိ’ဟု ပိုင်နိုင်စွာ သိမြင်သဘောကျခြင်းသည်သာ လိုရင်း ပဓာနဖြစ်၏၊ အဘယ့်ကြောင့်နည်း? မျက်မှောက်သိအားဖြင့် ‘ငါကောင် မရှိ’ဟု ပိုင်နိုင်စွာ သိမြင်လျှင် ‘ငါကောင်မရှိသလို၊ သူတပါးလည်း မရှိ၊ ငါနှင့် ဆိုင်သည့် သူတပါးလည်း မရှိ၊ သူတပါးနှင့်ဆိုသည့် ငါလည်းမရှိ’ဟူ လွယ်ကူစွာပင် ဆုံးဖြတ်နိုင်သောကြောင့် ဖြစ်၏။

**ဆ အာကာရ ရှုမြင်ခြင်း**

**စက္ခု သုညံ အတ္တေနဝါ အတ္တနိယေနဝါ နိစ္စေနဝါ ဓုဝေနဝါ သဿတေနဝါ အဝိပရိဏာမ ဓမ္မေနဝါ၊ မနော သုညော၊ ရူပါ သုညာ၊ ဓမ္မ သုညာ၊ စက္ခုဝိညာဏံ သုညံ၊ စက္ခုသမ္ဖဿော သုညော။**

(ဝိသုဒ္ဓိမဂ္ဂ ၊ ၃ ၊ ၂၉၂၊ မဟာနိဒ္ဒေသ၊ ၃၄၈၊ စူဠနိဒ္ဒေသ ၊ ၁၈၃)

မျက်စိသည် ငါကောင် အတ္တကောင်အဖြစ်မှလည်း ကင်းဆိတ်၏၊

ငါ့ဥစ္စာ ငါပိုင်အဖြစ်မှလည်း ကင်းဆိတ်၏၊

မြဲသည်အဖြစ်မှလည်း ကင်းဆိတ်၏၊

ခိုင်မာသည် အဖြစ်မှလည်း ကင်းဆိတ်၏၊

ထာဝရရှိနေသည့်အဖြစ်မှလည်း ကင်းဆိတ်၏၊

မပြောင်းမလဲ ပင်ကိုအတိုင်း တည်မြဲတည့်တည့် အဖြစ်မှလည်း ကင်းဆိတ်၏ ဟု ရှုမြင်၏။

ကြွင်းသော ဒွါရ၊ အာရုံ၊ ဝိညာဏ်၊ ဖဿ၊ ဝေဒနာ စသည်တို့၌လည်း နည်းတူပင် မှတ်အပ်၏။

မြင်ခိုက်၌ ရှုသိလျှင် ‘မြင်သိမှု၏ မှီရာဖြစ်သော ကြည်လင်သည့် မျက်စိရုပ်သည် အလိုအတိုင်း ဖြစ်ခြင်းဟူသော ငါကောင် အတ္တကောင် အဖြစ်မှလည်း ကင်းဆိတ်၏၊ ငါကောင်လည်း မဟုတ်။ ငါကောင် အတ္တကောင်၏ အစိတ်အပိုင်းအဖြစ်မှလည်း ကင်းဆိတ်၏၊ ငါဥစ္စာလဲ မဟုတ်။ မြဲခြင်းမှလည်း ကင်းဆိတ်၏၊ မြဲလဲ မမြဲ။ ခိုင်လည်း မခိုင်။ ထာဝရလည်း ရှိနေသည် မဟုတ်။ ပင်ကိုအတိုင်းလဲ မတည်’ဟု သိမြင်သဘောကျ၏။

ဤရှုမြင်ခြင်း၌ နိစ္စ၊ ဓုဝ၊ သဿတ၊ အဝိပရိဏာမဓမ္မ(၄)ပုဒ်တို့သည် ဝေါဟာရသဒ္ဒါမျှသာ ထူးကြ၏၊ လိုရင်းအနက်အားဖြင့် တူကြ၏။

**အဋ္ဌ အာကာရ ရှုမြင်ခြင်း**

**ရူပံ အသာရံ နိဿာရံ သာရာပဂတံ**

**နိစ္စသာရသာရေနဝါ ဓုဝသာရသာရေနဝါ သုခသာရသာရေနဝါ အတ္တသာရသာရေနဝါ နိစ္စေနဝါ ဓုဝေနဝါ သဿတေနဝါ အဝိပရိဏာမဓမ္မေနဝါ။** (ဝိသုဒ္ဓိမဂ္ဂ၊ ဒု ၊ ၂၉၂)

ရုပ်သည် မြဲသည့် အနှစ်သာရအားဖြင့်လည်း အနှစ်သာရမဟုတ် အနှစ်သာရမရှိ အနှစ်သာရမှ ကင်း၏။

ခိုင်မြဲသည့် အနှစ်သာရအားဖြင့်လည်း အနှစ်သာရမဟုတ် အနှစ်သာရ မရှိ အနှစ်သာရမှ ကင်း၏။

ချမ်းသာသည့် အနှစ်သာရအားဖြင့်လည်း အနှစ်သာရမဟုတ် အနှစ်သာရ မရှိ အနှစ်သာရမှ ကင်း၏။

ငါကောင်ဟူသည့် အနှစ်သာရအားဖြင့်လည်း အနှစ်သာရမဟုတ် အနှစ်သာရ မရှိ အနှစ်သာရမှ ကင်း၏။

မြဲခြင်း အနှစ်သာရအားဖြင့်လည်း အနှစ်သာရမဟုတ် အနှစ်သာရ မရှိ အနှစ်သာရမှ ကင်း၏။

ခိုင်မာခြင်း အနှစ်သာရအားဖြင့်လည်း အနှစ်သာရမဟုတ် အနှစ်သာရ မရှိ အနှစ်သာရမှ ကင်း၏။

ထာဝရရှိခြင်း အနှစ်သာရအားဖြင့်လည်း အနှစ်သာရမဟုတ် အနှစ်သာရ မရှိ အနှစ်သာရမှ ကင်း၏။

ပင်ကိုအတိုင်း တည်တံ့ခြင်း အနှစ်သာရအားဖြင့်လည်း အနှစ်သာရမဟုတ် အနှစ်သာရ မရှိ အနှစ်သာရမှ ကင်း၏ ဟု သိမြင်သဘောကျ၏။

ဤကား ရုပ်ခန္ဓာ၌ အခြင်းအရာ (၈)မျိုးတို့ဖြင့် ဆိတ်သုဉ်းခြင်းကို ရှုမြင်ပုံဖြစ်၏။

နာမ်ခန္ဓာ (၄)ပါး ဒွါရ၊ အာရုံ၊ ဝိညာဏ်၊ ဖဿ ၊ ဝေဒနာ စသည်တို့၌လည်း နည်းတူပင် မှတ်ရမည်။

**မှတ်ချက်။** ။ နိစ္စသာရ၊ ဓုဝသာရ၊ နိစ္စ၊ ဓုဝ၊ သဿတ၊ အဝိပရိဏာမဓမ္မ (၆) ပုဒ်တို့သည် ဝေါဟာရသဒ္ဒါမျှသာ ထူး၏။

**ဒသ အာကာရ ရှုမြင်ခြင်း**

**ရူပံ ရိတ္တတော ပဿတိ၊ တုစ္ဆတော ၊ သုညတော၊ အနတ္တတော၊ အနိဿရိယတော၊ အကာမကာရိယတော၊ အလဗ္ဘနီယတော၊ အဝသဝတ္တတော၊ ပရတော၊ ဝိဝိတ္တတော ပဿတိ။**

(ဝိသုဒ္ဓိမဂ္ဂ၊ ဒု ၊ ၂၉၃)

ရုပ်ကို မြဲခြင်း ကောင်းစားချမ်းသာခြင်း တင့်တယ်ခြင်း အစိုးပိုင်ခြင်းတို့မှ ကင်းဆိတ်သည် ဟု သိမြင်၏။ မြဲခြင်း ကောင်းစားခြင်း တင့်တယ်ခြင်း အစိုးပိုင်ခြင်းဟူသော အနှစ်သာရမရှိခြင်း ကြောင့် အချည်းအနှီး အသုံးမကျဟု သိမြင်၏။

(ဘာအကောင်အထည် ဒြပ်မျှမရှိ၊ ယုတ်ညံ့သောကြောင့် အလကား သဘောတရားဟု သိမြင်၏)

အလိုအတိုင်း ပြီးစေနိုင်သော ငါကောင်အနှစ်သာရမှ ဆိတ်သုဉ်းသည်ဟု သိမြင်၏။
အလိုအတိုင်း ပြီးစေနိုင်သော ငါကောင်မဟုတ်ဟု သိမြင်၏။
အစိုးမရသော သဘောဟု သိမြင်၏။
အလိုအတိုင်း မပြီးစေနိုင်၊ အလိုမျှဖြင့် ပြီးစေနိုင်သော အမူအရာမရှိ ဟု သိမြင်၏။

**ဆိုလိုရင်းမှာ။** ။ ရေမြှုပ်စိုင်ဖြင့် ခွက်စသည်ကို ပြုလုပ်လိုသူသည် ထိုခွက်စသည်မှာ မဖြစ်နိုင်သကဲ့သို့ ရုပ်တရားကို မြဲအောင် ကောင်းစားချမ်းသာအောင် တင့်တယ်အောင် ငါကောင်ဖြစ်အောင် ပြုလုပ်လိုသူသည် ထိုမြဲမှု ကောင်းစားချမ်းသာမှု တင့်တယ်မှု ငါကောင်ဖြစ်မှုသည် မရနိုင်၊ ထို့ကြောင့် ရုပ်တရားသည် အလိုရှိတိုင်း မပြုလုပ်နိုင်သော တရားဖြစ်၏။

ဆိုင်ရာအကြောင်းတရားများ ညီညွတ်မှသာ သွားခြင်း ရပ်ခြင်း ထိုင်ခြင်း အိပ်ခြင်း ကွေးခြင်း ဆန့်ခြင်း ပူခြင်း အေးခြင်း မျက်စိကြည်ခြင်း စသော ရုပ်အမူအရာတစုံတခု ဖြစ်ပေါ်နိုင်ပေ၏၊ မိမိအလိုအားဖြင့် ထိုသို့ ရုပ်အမူအရာ တစုံတခုကိုမျှ မဖြစ်ပေါ်စေနိုင်ချေ၊ ထို့ကြောင့် ရုပ်တရားသည် အလိုမျှဖြင့် ပြီးစေနိုင်သည့် အမူအရာမရှိသော တရားဖြစ်၏။

သည်လိုသာဖြစ်ပါစေ,ဟိုလိုတော့ မဖြစ်ပါစေနဲ့ ဟု တောင့်တ၍ မရအပ်၊ မရနိုင်ဟု သိမြင်၏။

အလိုအတိုင်းလည်း မဖြစ်၊ အလိုအတိုင်းလည်း မဖြစ်စေနိုင်ဟု သိမြင်၏။
စီမံခန့်ခွဲ၍ မရသောကြောင့် သူစိမ်းပြင်ပတရားပဲ ဟု သိမြင်၏။
အကြောင်းတရားထဲမှာလည်း အကျိုးတရားမရှိ၊ အကျိုးထဲမှာလည်း အကြောင်းတရား မရှိသောကြောင့် အကြောင်းတရားနှင့် အကျိုးတရားတို့သည် အချင်းချင်းမှ ကင်းဆိတ်နေသည်ဟု သိမြင်၏။

**အပိစ ဒသဟာရေဟိ သုညတော လောကံ အဝေက္ခတိ။**

**ရူပံ ရိတ္တတော တုစ္ဆတော သုညတော အနတ္တတော**
**အသာရကတော ဝဓကတော ဝိဘဝတော အဃမူလတော သာသဝတော သင်္ခတတော။**
(စူဠနိဒ္ဒေသ၊ ၁၈၄)

**မှတ်ချက်။** ။ ဝိသုဒ္ဓိမဂ္ဂ၊ အဌကထာ၌ ပြသော အာကာရ (၁၀)ပါးတို့တွင် အစ (၄)ပါး တို့သာ ဤစူဠနိဒ္ဒေသပါဠိတော်နှင့် ထပ်တူညီ၏၊ နောက် (၆)ပါးသည်ကား သဒ္ဒါ၊ အနက် (၂)မျိုးလုံးပင် ကွဲပြားထူးခြားလျက်ရှိ၏။

## ဆိုလိုရင်းကို ကောက်ချက်ကြည့်ခြင်း

စူဠနိဒ္ဒေသပါဠိတော်ကိုပင် မှီ၍ ဒသအာကာရရှုခြင်းကိုပြသော ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၌ ပါဠိတော်နှင့် ထပ်တူမဟုတ်ဘဲ ကွဲပြားသော အာကာရတို့ကို ပြရာတွင် 'ပါဠိ၊ အဋ္ဌကထာတို့၌ ပြအပ်သော ရှုမြင်ပုံ အခြင်းအရာဟူသမျှကို ပြသည့်အတိုင်း ကျက်မှတ်၍ အတိအကျရှုသိနိုင်မှ ကိစ္စပြီးသည် မဟုတ်၊ ထိုသို့ ကျက်မှတ်၍ အတိအကျရှုရန် ပြသည်လည်း မဟုတ်။

အမှန်မှာ အနိစ္စ ဒုက္ခ အနတ္တလက္ခဏာတို့၌ အတွင်းဝင်သော ထိုပြအပ်သည့် အခြင်းအရာတို့တွင် အခြင်းအရာ တပါးပါးဖြင့်ဖြစ်စေ၊ အခြင်းအရာများစွာတို့ဖြင့်ဖြစ်စေ ကောင်းစွာဉာဏ်ဖြင့် သိမြင်သဘောကျလျှင် ကိစ္စပြီးသည်သာ ဖြစ်၏။

ပုဂ္ဂိုလ်အမျိုးမျိုးတို့၏ ပါရမီဉာဏ်နှင့် အဇ္ဈာသယ စသည်အားလျော်စွာ ဉာဏ်ဖြင့် သိမြင်ပုံများကို ပြဆိုခြင်းသာ ဖြစ်၏'။

**အတိအကျ ကျက်မှတ်၍ ရှုသိရန် ပြသည်ဟု ယူဆလျှင်**

ဤအရာ၌ ဝိသုဒ္ဓိမဂ္ဂ၊ အဋ္ဌကထာနည်းအရ ရှုသိသောပုဂ္ဂိုလ်မှာ စူဠနိဒ္ဒေသပါဠိတော်နည်း အရ အာကာရ (၁၀)ပါးလုံး မပြည့်စုံသောကြောင့် ကိစ္စမပြီးဘဲ ဖြစ်ရာ၏၊ ထိုသို့ မပြီးနိုင်ပါက စူဠနိဒ္ဒေသပါဠိတော်နည်းမှ ထူးခြားသော အာကာရတို့ကို ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၌ မပြလေရာ၊ ယခုမှာ ပြလည်း ပြလျက်ရှိနေ၏၊ ထိုကြောင့် အတိအကျ ကျက်မှတ်၍ ရှုသိဆင်ခြင်ရန် ပြသောစကားများ မဟုတ်။

အမှန်မှာ ရှုသိသော ယောဂီ၏ဉာဏ်မှာ ထိုက်သည့်အားလျော်စွာ ဖြစ်ပေါ်တတ်သော သိမြင်ပုံတို့ကိုသာ ပြသောစကားများဖြစ်သည်ဟူ၍ မှတ်သားရမည်။

## ဒွါဒသ အာကာရရှုမြင်ခြင်း

**ရူပံ န သတ္တော၊ န ဇီဝေါ၊ န နရော၊ န မာဏဝေါ၊ န ဣတ္ထီ၊ န ပုရိသော၊ န အတ္တာ၊ န အတ္တနိယံ၊ နာဟံ၊ န မမ၊ န အညဿ (န ကောစိ)၊ န ကဿစိ။**

**ဝေဒနာ၊ သညာ၊ သင်္ခါရာ၊ ဝိညာဏံ။**

(ဝိသုဒ္ဓိမဂ္ဂ၊ ဒု ၊ ၂၉၃။ စူဠနိဒ္ဒေသ၊ ၁၈၄)

ရုပ်သည် အတ္တ အသက် လိပ်ပြာ ဝိညာဏ်ကောင်စသည်ဖြင့် ထင်မှတ်စွဲလမ်းအပ်သော သတ္တဝါမဟုတ်။

အသက် လိပ်ပြာကောင်မဟုတ်။

လူကောင် မဟုတ်။

လုလင်ကောင် မဟုတ်။

မိန်းမကောင် မဟုတ်။

ယောကျ်ား မဟုတ်။

အစိုးပိုင်သော အတ္တကောင် မဟုတ်။

ငါ့ အတ္တကောင်၏ အစိတ်အပိုင်းဥစ္စာ မဟုတ်၊ (ငါ့ အတ္တကောင်နှင့် ဘာမျှ မဆိုင်)။

ငါ မဟုတ်။

ငါ ၏ အစိတ်အပိုင်း ဥစ္စာမဟုတ်။(ငါ နှင့် ဘာမျှ မဆိုင်)။

သူတပါး၏ အစိတ်အပိုင်း ဥစ္စာမဟုတ် (သူတပါးနှင့် ဘာမျှ မဆိုင်) တစုံတယောက်မျှ မဟုတ်)

တစုံတယောက်၏ အစိတ်အပိုင်းဥစ္စာမဟုတ် (တစုံတယောက်နှင့် ဘာမျှ မဆိုင်) ဟု သိမြင်သဘောကျ၏။

မှတ်ချက်။ ။ န သတ္တော၊ န ဇီဝေါ၊ န နရော၊ န မာဏဝေါ၊ န ဣတ္ထီ၊ န ပုရိသော၊ န အတ္တာ၊ နာဟံ ဟူသော (၈) ပုဒ်တို့သည် ဖြစ်ခြင်း ပျက်ခြင်းမရှိဘဲ ခန္ဓာအိမ်၌ အမြဲတည်ရှိနေသည် ဟူ၍၄င်း၊ သွားခြင်း ထိုင်ခြင်း ကွေးခြင်း ဆန့်ခြင်း မြင်ခြင်းစသည်တို့ကို အလိုအတိုင်း ပြီးစေနိုင်သည်ဟူ၍၄င်း ဤသို့စသည်ဖြင့် ထင်မှတ်စွဲလမ်းအပ်သော 'အတ္တ,အသက်,လိပ်ပြာ, ဝိညာဏ်ကောင်,သတ္တဝါကောင်ကိုသာ ပယ်မြစ်လို၍ ပြအပ်သော ပုဒ်တို့ဖြစ်ကြ၏။ လောက၌ ပြောဆိုရိုးမျှဖြစ်သော သတ္တဝါစသည်တို့ကား ပယ်မြစ်လို၍ ပြအပ်သည်မဟုတ်။

န အတ္တနိယံ၊ န မမ၊ န အညဿ၊ န ကဿစိ ဟူသော လေးပုဒ်တို့သည် ထိုအတ္တကောင်၏ အစိတ်အပိုင်းမဟုတ်၊ ထိုအတ္တကောင်နှင့် ဘာမျှမဆိုင်သည်ကိုသာ ပြလို၏။ လောက၌ ပြောဆိုရိုးမျှဖြစ်သော သူ့ဥစ္စာ,ငါ့ဥစ္စာ,သူ့လက် သူ့ခြေ,ငါ့လက် ငါ့ခြေ,သူ့သား သူ့သမီး,ငါ့သား ငါ့သမီး စသောဝေါဟာရကို ပယ်မြစ်လိုသည် မဟုတ်။

**အားတိုက်ရှု၍ လွတ်မှုလွတ်ရန် အမြင်သန်က ရုပ်နာမ်ဓမ္မ**

**သင်္ခါရဝယ် မတွယ်သမှု လျစ်လျူရှု သင်္ခါရုပေက္ခာဉာဏ်။**

(ပရမတ္ထသံခိပ် ၊ စာပိုဒ်၊ ၅၃)

**ဉာဏ် (၃)ပါးတို့ တစ်မျိုးတည်းသာ ဖြစ်ခြင်း**

မုဉ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ် (၃)ပါးတို့သည် အစ အလယ် အဆုံး၊ အနု အလတ် အရင့် အားဖြင့်သာ ကွဲပြား၏။

အာရုံနှင့် ရှုသိမှုတို့ကို သင်္ခါရတရားသဘောမျှဟု သိမြင်သဘောကျခြင်း လက္ခဏာအားဖြင့် တစ်မျိုးတည်းသော ဉာဏ်သာဖြစ်၏။

**ယာစ မုဉ္စိတုကမျတာ၊ ယာစ ပဋိသင်္ခါနုပဿနာ၊ ယာစ သင်္ခါရုပေက္ခာ၊**

**ဣမေ ဓမ္မာ ဧကတ္ထာ၊ ဗျဉ္ဇနမေဝ နာနံ။**

(ပဋိသမ္ဘိဒါမဂ်၊ ၂၅၉)

ပဋိသမ်ိဒါဉာဏ်ရင့်သန်လာသောအခါ ရှုသိမှုမှာ ပေါ့ပါးသွက်လက်ပြီး အထူးကောင်းမွန်လာ၏။ရှုသိစရာအာရုံကို ရှာကြံစရာမလိုဘဲ ပေါ်လွင်ထင်ရှားစွာ တွေ့မြင်၏၊ ထိုပေါ်လာသမျှအာရုံကို ရှုသိမိအောင် အထူးကြောင့်ကြ မစိုက်ရဘဲ အလိုလို ရှုသိနေ၏။

ပေါ်လာသည့်အာရုံလေးများကို အကောင်းအဆိုး ဟု မဆုံးဖြတ် မစွဲလမ်းဘဲ သိရုံကလေး အညီအမျှ ရှုသိနေခြင်းသည် သင်္ခါရုပေက္ခာဉာဏ်ဖြစ်၏။

ပဋိသမ်ိဒါဉာဏ်နောက်ပိုင်းမှာ ရှုသိမှုကောင်းမွန်နေသော်လည်း ကြောင့်ကြစိုက်ပေးနေရ၏၊ ကြောင့်ကြမစိုက်မိလျှင် ရှုသိမှုသည် ဖြောင့်မတ်စွာ မသွားဘဲ ပျက်သွားတတ်၏၊

သင်္ခါရုပေက္ခာဉာဏ်၌ကား ကြောင့်ကြစိုက်စရာမလိုဘဲ ရှုသိစရာအာရုံများသည် အလိုလို ထင်ရှားလာပြီး ရှုသိမှုမှာလည်း အလိုလို ရှုသိနေ၏၊ ကောင်းခြင်း မကောင်းခြင်းများကို မစဉ်းစားဘဲ အညီအမျှထားကာ သက်တောင့်သက်သာဖြင့် သိရုံမျှသာ သိနေ၏။

**သင်္ခါရုပေက္ခာဉာဏ် ဂုဏ်အင်္ဂါ (၆)ပါး**

(၁) ဘယဥ္စ နန္ဒိဥ္စ ဝိပ္ပဟာယ သဗ္ဗသင်္ခါရေသု ဉဒါသီနော ဟောတိ မဇ္ဈတ္တော။

(ဝိသုဒ္ဓိမဂ္ဂ၊ ၂၉၄)

သင်္ခါရုပေက္ခာဉာဏ်သည် သင်္ခါရတရားအားလုံးတို့၌ ကြောက်ခြင်း နှစ်သက်ခြင်းတို့ကို ပယ်၍ အညီအမျှ ထားနိုင်၏။

**ကြောက်ခြင်း (၂)မျိုး**

ကြောက်ခြင်းသည်

(က) လောကအလိုအားဖြင့် ကြောက်ခြင်း

(ခ) ဓမ္မအလိုအားဖြင့် ကြောက်ခြင်း ဟု နှစ်မျိုးရှိ၏။

**လောကအလိုအားဖြင့် ကြောက်ခြင်းဟူသည်**

လောက၌ ဘေးအန္တရာယ်များ ရန်သူများဖြင့် တွေ့ရမှုကို မျှော်တွေးပြီး ကြောက်ရွံ့ စိုးရိမ်ကြခြင်း နောင်ရေးကို မျှော်တွေးကာ ကြောက်ရွံ့စိုးရိမ်မှုလည်း ဖြစ်ကြခြင်းတို့ကို ဆိုလို၏။

သင်္ခါရုပေက္ခာဉာဏ် ရင့်သန်နေသည့်ပုဂ္ဂိုလ်မှာ လောကအလိုအားဖြင့် ကြောက်စရာများကို လုံးဝမဖြစ်ဘဲ ငြိမ်းနေတတ်၏၊ ဖြစ်ပေါ်လာလျှင်လည်း ခဏမျှသာဖြစ်ပြီး ပျောက်သွားကာ သက်သာခွင့်ရ၏၊ ဤကား လောကဘက်မှ ကြောက်ရွံ့ စိုးရိမ်မှု ကင်းခြင်းဖြစ်၏။

**ဓမ္မအလိုအားဖြင့် ကြောက်ခြင်းဟူသည်**

ဘင်္ဂဉာဏ်မှာ ရှုစရာအာရုံနှင့် ရှုသိစိတ်တို့ကို အပျက်ချည်း သိနေရသဖြင့် ကြောက်စရာအဖြစ် မြင်နေခြင်း၊ အာဒီနဝဉာဏ်မှာ ရုပ်နာမ်တရားတို့ကို ရလာခြင်းသည် မကောင်းဟု အပြစ်မြင်ခြင်း၊ နိဗ္ဗိဒါဉာဏ်မှာ ရုပ်နာမ်တရားတို့ဖြင့် နေရမှုကို ပျော်စရာ အဖြစ်မမြင်တော့ဘဲ ငြီးငွေ့စိတ်ပျက်စရာအဖြစ်မြင်ခြင်း၊ မုဥ္စိတုကမျတာဉာဏ်မှာ ရုပ်နာမ်တရားတို့မှ လွတ်မြောက်ရေးကို တွေးပြီး လွတ်မြောက်ချင်ခြင်းတို့ကို ဆိုလို၏။

သင်္ခါရုပေက္ခာဉာဏ်၌ ဘင်ဉာဏ်ကို ကြောက်စရာဟု ဆင်ခြင်မှု ကြောက်မှုမဖြစ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုဉ္စိတုကမျတာဉာဏ်များလိုလည်း မဖြစ်တော့ဘဲ ငြိမ်းနေ၏။ ဤကားဓမ္မဘက်မှ ကြောက်ရွံ့စိုးရိမ်မှုကင်းခြင်းဖြစ်၏။

ထို့ကြောင့် သင်္ခါရုပေက္ခာဉာဏ်သည် လောကဓမ္မ နစ်ဌာနတို့ ကြောက်ခြင်းကို ပယ်အပ်၏။

## နှစ်သက်ခြင်း (၂)မျိုး

နှစ်သက်ခြင်းသည်

(က) လောကအလိုအားဖြင့် နှစ်သက်ခြင်း

(ခ) ဓမ္မအလိုအားဖြင့် နှစ်သက်ခြင်း ဟု နှစ်မျိုးရှိ၏။

## လောကအလိုအားဖြင့် နှစ်သက်ခြင်းဟူသည်

လောကီစီးပွားဥစ္စာ၊ ရာထူး ဂုဏ်ထူး၊ အခြွေအရံ အပေါင်းအသင်းများနှင့် ပြည့်စုံနေသဖြင့် နှစ်သက်ဝမ်းသာနေခြင်း၊ ရှေးက ကောင်းစားနေခဲ့မှု၊ ယခု ကောင်းစားနေမှု၊ နောင်ကောင်းစားမှု များကို တွေးပြီး ပျော်နေခြင်း၊ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ သူများက မြှောက်ပင့်ပြီး ချီးမွမ်းမှုကို ကြားရလျှင်လည်း သဘောကျနေခြင်းတို့ကို ဆိုလို၏။

သင်္ခါရုပေက္ခာဉာဏ်သို့ရောက်လျှင် လောကီစီးပွားစသည်ပြည့်စုံသော်လည်း ဝမ်းသာမှု မဖြစ်၊ ယခင်က ကောင်းစားချမ်းသာမှုများကို စဉ်းစားမိသော်လည်း စိတ်ထဲမှာ ထူးခြားစွာ မခံစားမိ၊ နောင်ကြီးပွားချမ်းသာမှုတွေကိုလည်း တွေးပြီး စိတ်ဓာတ်မတက်ကြွ၊ သူများက မြှောက်ပင့် ပြောသည့်အခါ စိတ်ထဲမှာ မလှုပ်ရှား၊ ဣန္ဒြေရစွာ နေနိုင်၏၊ ဤကား လောကဘက်က နှစ်သက် ဝမ်းသာမှုတွေ ကင်းနေခြင်းဖြစ်၏။

## ဓမ္မအလိုအားဖြင့် နှစ်သက်ခြင်းဟူသည်

ဥဒယဗ္ဗယဉာဏ်မှာ အလင်းရောင် ပီတိ ပဿဒ္ဓိ သုခစသည် တွေ့မြင်သည့်အခါ အလွန် အကဲ ဝမ်းသာအားရ ဖြစ်ခဲ့ခြင်း၊ သိပ်ဝမ်းသာပြီး ဟောပြောချင်ခြင်း၊ ဝမ်းသာမှုလွန်ကဲပြီး မထိန်း သိမ်းနိုင်သဖြင့် စိတ်ကမူမမှန်သလို ခဏမျှ ဖြစ်ခြင်းတို့ကို ဆိုလို၏။

သင်္ခါရုပေက္ခာဉာဏ်သို့ရောက်သောအခါ ဥဒယဗ္ဗယဉာဏ်ထက် ရှုသိမှုအသိ အလွန်ကောင်းသော်လည်း ဝမ်းမြောက်ဝမ်းသာမဖြစ်၊ ဤကား ဓမ္မဘက်မှ နှစ်သက်မှုများ ကင်းနေခြင်းဖြစ်၏။

(၂) **စက္ခုနာ ရူပံ ဒိသွာ နေဝ သုမနော ဟောတိ န ဒုမ္မနော**

**ဥပေက္ခကော ဝိဟရတိ သတော သမ္ပဇာနော။**

(အံ၊ ၃ ၊ ၂၈၀) ဒုတိယအရိယဝါသသုတ်၊ ၂ ၊ နာထဝဂ်၊ ဒသကနိပါတ်။

ဘယ်လောက်ပင် လှပသည့်အဆင်းအာရုံကို မြင်ရသော်လည်း ဝမ်းသာခြင်းမဖြစ်၊ ဘယ်လောက်ပင် မကောင်းသည့်အဆင်းအာရုံကို မြင်ရသော်လည်း နှလုံးမသာခြင်း မဖြစ်၊ ပျက်နေသည့် သဘောကို စိတ်ကို အညီအမျှထားကာ သတိဉာဏ်ဖြင့် သိနေရုံ သိနေပြီး ရှုနေ၏။

အခြားကြားသည့်အာရုံ စသည်များ၌လည်း နည်းတူ ရှုသိနေ၏။ ခန္ဓာကိုယ်က ဆင်းရဲမျိုးသည် ဤဉာဏ်သို့ရောက်နေလျှင် များသောအားဖြင့် ငြိမ်းနေ၏၊ သာမန်ရောဂါဝေဒနာများမှာ အလိုလို ပျောက်တတ်၏၊ ကုသ-လို့ခက်သည့် ရောဂါဝေဒနာကြီးလည်း သင်္ခါရုပေက္ခာဉာဏ်ရောက်တော့ ပျောက်သွားတတ်၏၊ တခါတရံ ဆင်းရဲတမျိုးမျိုး ဖြစ်ပေါ်လာလျှင် မခံသာအောင်မဖြစ်ဘဲ သည်းခံနိုင်၏၊ ရှုသိမှု မပျက်ဘဲ က္ကန္ဒေရစ္စာဖြင့် ရှုသိနေ၏။ ထို့ကြောင့် ချမ်းသာသည်ဖြစ်စေ ဆင်းရဲသည်ဖြစ်စေ စိတ်ကို အညီအမျှထားပြီး ရှုနိုင်၏။

(၃) သင်္ခါရဝိစိနနေ မဇ္ဈတ္တံ ဟုတွာ

(ဝိသုဒ္ဓိမဂ်၊ ဒု ၊ ၂၉၅)

သင်္ခါရတရားတို့ကို ရှုသိမှု၌ ကြောင့်ကြမှု မပြုဘဲ အညီအမျှထား၍ ရှုနိုင်၏။ အောက်ဉာဏ်များ၌ ကြောင့်ကြစိုက်ရှုနိုင်မှ ကောင်း၏၊ ကြောင့်ကြစိုက်မှု အားနည်းသွားလျှင် ရှုသိမှုပျက်တတ်၏၊ ဤသင်္ခါရုပေက္ခာဉာဏ်၌ သင်္ခါရတရားတို့ကို ရှုသိမှုမလွတ်ရအောင် အထူးကြောင့်ကြစိုက်စရာမလိုဘဲ သူ့အလိုလိုပဲ ရှုသိပြီး ကောင်းနေ၏။

သင်္ခါရုပေက္ခာဉာဏ်ဟူသည် အရှုခံ သင်္ခါရတရားများကိုသာ အညီအမျှထား၍ ရှုသင့်၏၊ အရှုဉာဏ်ဝိပဿနာဉာဏ်ကိုတော့ ထပ်ဆင့်ပြီး အညီအမျှထားကာ ရှုစရာမလိုဟု မှတ်ရမည်လား ဟု မေးစရာရှိ၏။

သင်္ခါရေသုပိ ဝိယ တေသံ ဝိစိနနေပိ ဉဒါသိနံ ဟုတွာ

(ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ၊ ဒု ၊ ၄၆၀)

အရှုခံသင်္ခါရတရားတို့၌ အညီအမျှထား၍ ရှုရသလို အရှုဉာဏ် ဝိပဿနာဉာဏ်၌လည်း ထပ်ဆင့်ပြီး အညီအမျှထားကာ ရှုရမည်ဟု မိန့်၏။

ဤသင်္ခါရုပေက္ခာဉာဏ်သို့ရောက်လျှင် အရှုခံ အာရုံ သင်္ခါရတရားများ ပေါ်လာအောင် ကြောင့်ကြစိုက်ပေးစရာမလိုသလို ရှုသိမှုဖြစ်အောင် အရှုဉာဏ်ကိုလည်း ကြောင့်ကြစိုက် ပေးစရာမလိုဘဲ အရှုခံ အာရုံကလည်း အလိုလိုပေါ်လွင်ထင်ရှားနေ၏၊ ရှုသိမှု အရှုဉာဏ်ကလည်း အလိုလို ရှုသိနေ၏၊ ရှုသိရမှုသည် အလွန်လွယ်ကူနေ၏။

ဉပမာအားဖြင့် လမ်းကလည်းကောင်း တိုက်စရာ ရှောင်စရာမရှိသည့် လမ်းမပေါ်မှာ ကားမောင်းသွားလျှင် ကြောင့်ကြစိုက်စရာမလိုဘဲ သက်တောင့်သက်သာ မောင်းနေရသလို ဖြစ်၏။

**ကြောက် နှစ်သက်ခြင်း ကင်းရှင်းပေသည်၊**

**ချမ်းသာဆင်းရဲ ရှုမြဲတူညီ၊**

**ကြောင့်ကြမပြု မှတ်ရှုလွယ်သည်၊**

**သင်္ခါရ ညီမျှဂုဏ်သုံးမည်။**

(၄) သင်္ခါရုပ္ပနာ ပညာ သင်္ခါရုပေက္ခာသု ဉာဏံ။

(ပဋိသမ္ဘိဒါမဂ္ဂ၊ ၁)

ဤသင်္ခါရုပေက္ခာဉာဏ်၌ အာရုံ၌ ကြာရှည်စွာ ကောင်းစွာ တည်နေ၏၊ (အနွယ) အောက်ပိုင်းဉာဏ်များ၌ အာရုံ၌ စိတ်မထွက်ဘဲ နာရီဝက်ခန့်တောင် ကပ်တည်နေဖို့ ခက်၏၊

ဉာဏာသာ သင်္ခါနဝသေန ပဝတ္တိံ သန္တာယာဟ။

(ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ၊ ဒု ၊ ၄၆၉)

**ဤဉာဏ်၌ အာရုံ၌ ကောင်းစွာ တည်၏ဟူသည်**

ရှုသိမှု ဝိပဿနာဉာဏ် အစဉ်အတန်းကြီးကြာရှည်စွာ မပြတ်ဖြစ်နေခြင်းကို ဆိုလို၏။ အာရုံ၌ ကြာရှည်စွာ မပြတ်ဖြစ်တည်နေမှ ကောင်းစွာ တည်၏ဟု ဆိုနိုင်၏။

အောက်ဉာဏ်များ၌ ရှုသိမှု ကောင်းနေသော်လည်း အာရုံ၌ကြာရှည်မတည်ဘဲ ခဏလောက်သာတည်၏၊ ရှုမှုကောင်းနေရင်းပင် ကြားမှုတွေ အတွေးတွေ ဝင်လာသဖြင့် ပေါ်ပြီး ပျက်သွားတတ်၏။

သင်္ခါရုပေက္ခာဉာဏ်သို့ရောက်သောအခါ ရှုစရာအာရုံကလည်း ပေါ်လွင်နေ၏၊ ရှုသိမှုကလည်း သက်သက်သာသာဖြင့် မပြတ်သိနေ၏၊ ကိုယ်ထဲက မခံသာမှုလည်း မရှိ၊ ပြုပြင်ချင်စိတ်လည်း မဖြစ်၊ အတွေးစိတ်လည်း မဝင်၊ ရှုသိနေမှုသည် သူ့အရှိန်သူ မပြတ် ရှုမှတ်နေ၏။

သမာဓိဉာဏ်အားကောင်းသော အချို့ပုဂ္ဂိုလ်များမှာ သင့်တော်သည့် ဣရိယာပုထ်ဖြင့် နာရီများစွာ ရှုသိပြီး နေနိုင်၏၊ ကိုယ်အနေထားမပျက်၊ ရွေ့ရှားခြင်းမရှိဘဲ မူလဣရိယာပုထ် အတိုင်း နေနိုင်၏၊ အချိန်သည် ကုန်မှန်းမသိဘဲ ကုန်သွားသဖြင့် ခဏလေးဟု ထင်တတ်၏။ နာရီများစွာ ရှုမှတ်မှု အချိန်အတွင်း၌ အတွေးစိတ်လုံးဝမဝင်ဘဲ ရှုသိစိတ်ချည်းသာ အရှိန်ကောင်းပြီး တည်နေ၏။

(၅) သုပ္ပဂ္ဂေ ပိဋ္ဌံ ဝဋ္ဋယမာနံ ဝိယ။

(ဝိသုဒ္ဓိမဂ္ဂ၊ ဒု ၊ ၂၉၅)

သင်္ခါရုပေက္ခာဉာဏ်သို့ ရောက်လျှင် ကြာလေ သိမ်မွေ့လေဖြစ်၏၊ ဥပမာအားဖြင့် ဆန်မှုန့်ထောင်းသည့်အခါ၌ ဇန်းစကောဖြင့် ဝိုင်းရဆင့်ရ၏၊ ယင်းသို့ ဝိုင်းသည့်အခါမှာ ဝိုင်းယင်း အဖြုံးတွေ အကြမ်းတွေကို ခါခါချလိုက်သဖြင့် အနကလေးတွေချည်း ကျန်ရစ်၏၊ ထို့ကြောင့် ဆန်မှုန့်ကလေးများသည် ကြာကြာဝိုင်းလေ နုးညံ့လေဖြစ်၏။

ဤဥပမာအတိုင်းပင် သင်္ခါရုပေက္ခာဉာဏ်သို့ရောက်လျှင် ရှုသိမှုမှာ ကြာလေ သာ၍ သိမ်မွေ့လေဖြစ်၏၊ သင်္ခါရုပေက္ခာဉာဏ်သည် အခြားဝိပဿနာဉာဏ်များနှင့် နှိုင်းယှဉ်ကြည့်လျှင် အင်မတန်မှ သိမ်မွေ့၏။

ဉာဏ်ဖြစ်စမှာ သိပ်ပြီး မသိမ်မွေ့သော်လည်း ရှုသိမှု ရက်ကြာလျှင် ပို၍ သိမ်မွေ့၏၊ သိမ်မွေ့နေသည့်အခါ မေးမှိန်ပြီး မပီမသ မထင်မရှားမဟုတ်ဘဲ ရှုသိနေသည့် အာရုံသည် ပီသထင်ရှား၏။

နူးညံ့သိမ်မွေ့မှုသည် ဝါဂွမ်းလေးနှင့်တို့ထိပေးနေသလို ရေမှုံရေမွှားလေးများ နှင့် ပက်ဖြန်းပေးနေသလို ဖြစ်၏၊ ရှုစရာအာရုံနှင့် ရှုသိမှုတို့သည် သိမ်မွေ့နေသည့် အခါ၌ သမာဓိလွန်ကဲနေလျှင် ရှုစရာအာရုံကို လုံးဝရှာမတွေ့သဖြင့် မရှုဘဲ ငေးမောလွတ်နေတတ်၏။

ထိုအချိန်မှာ ဝီရိယတိုးပြီး ရှုရ၏၊ ရှုစရာအာရုံကို အထူးစူးစိုက်ရခြင်း၊ စကြံ များများ လျှောက်ပေးခြင်း၊ အသေးစိပ်အမူအရာများကို မလွတ်ရအောင် ရှုသိခြင်းတို့ဖြင့် ဝီရိယ တိုးပြီး ရှုလျှင် သမာဓိနှင့် ဝီရိယမျှကာ အလွန်သိမ်မွေ့နူးညံ့မှုလေးကို ရှင်းလင်းစွာ သိမြင်နိုင်၏။

(၆) ပတိလီယတိ တိကုဋ္ဋတိ န သမ္ပသာရီယတိ။

(ဝိသုဒ္ဓိမဂ္ဂ ၊ ၃ ၊ ၃၀၅)

ဤဉာဏ်ရောက်လျှင် သင်္ခါရတရားအာရုံတွေမှ တွန့်နေ၏၊ ဆုတ်နေ၏၊ စိတ်က ဖြန့်ရှုပေမည့်လည်း ပြန့်မသွား။ (ဇာတိရေက)

ရှုသိနေသည့်အာရုံကနေ အခြားအာရုံတွေကို တွေးပြီး မပျံ့လွင့်၊ ထွက်မသွားဟု ဆိုလို၏၊ အောက်ပိုင်းဉာဏ်များမှာ စိတ်က အခြားအာရုံကို ရောက်မသွားရအောင် အထူးကြောင့်ကြ စိုက်ပြီး ထိန်းကာ ရှုသိနေရ၏၊ မည်မျှပင် အထူးကြောင့်ကြစိုက်နေသော်လည်း စိတ်က အခြားအာရုံဆီကို ရောက်နေသေး၏။

ဤဉာဏ်ကား စိတ်ကို အထူးကြောင့်ကြစိုက်ပြီး ထိန်းထားစရာမလိုဘဲ ထားသည့် အာရုံမှာ ကပ်ပြီး တည်ငြိမ်နေ၏၊ အခြားအာရုံများကို မသွားတော့၊ ယခင်က စိတ်ဝင်းစားတတ်သည့် အာရုံဆီသို့ ပို့ကြည့်သောအခါ ကြာရှည်စွာ ထွက်မသွား၊ တခဏအတွင်း ရှုသိနေသည့် အာရုံထဲကို ပြန်ရောက်လာ၏၊ စိုးရိမ်ပူစရာများကို ကြာရှည်စွာ တွေးကြည့်လျှင်လည်း စိုးရိမ်ပူပန်မှုမဖြစ်ဘဲ ရှုမှတ်နေသည့် အာရုံထဲသို့သာ ပြန်ရောက်လာ၏။

သင်္ခါရတရားအာရုံဆီသို့ တွေးကြည့်သော်လည်း စိတ်က သင်္ခါရတရားအာရုံမှ တွန့်ဆုတ်ကာ ဝိပဿနာအာရုံဆီသို့ ပြန်ရောက်လာခြင်းသည် သင်္ခါရုပေက္ခာဉာဏ်၏ ထူးခြားသည့် အစွမ်းသတ္တိဖြစ်၏။

တခါတရံ ဒွါရ (၆)ပါးမှာ ပေါ်တိုင်းလိုက်ကာ ဖြန့်ရှုနေရာက တဖြည်းဖြည်း အာရုံတစ်ခုတည်း စုလာ၏၊ ရှုစရာအာရုံသည် တဖြည်းဖြည်း နဲနဲလာ၏၊ ကြာလာလျှင် ရုပ်ခန္ဓာကိုယ်ကြီးလည်း ပျောက်နေသဖြင့် ဘာမျှ ရှုသိစရာမရှိသလို ဖြစ်နေတတ်၏၊

သို့သော် ထိုအခါ၌ သိနေသည့် စိတ်လေးက ထင်ရှားနေ၏။

အလွန်ကြည်လင်သော တိတ်ဆိတ်ငြိမ်သက်သည့် ကောင်းကင်ထဲမှာ အင်မတန် ငြိမ်ချမ်းကြည်လင်ချမ်းသာနေသည့် စိတ်လေးတစ်ခုပဲ ရှိနေ၏၊ ထိုစိတ်ကလေးကိုပဲ ရှုသိနေရ၏၊

ထိုကြည်လင်ချမ်းသာနေသည့်စိတ်လေးကို ယောဂီက သာယာနှစ်သက်နေတတ်၏၊ ယင်းသို့ သာယာနှစ်သက်နေမှုကို ဓမ္မရာဂ၊ ဓမ္မနန္ဒီ ဟုခေါ်၏၊ ထိုသို့ သာယာနှစ်သက်နေလျှင် အထက်ဉာဏ်များကို မဖြစ်နိုင်သည်၏အတွက်ကြောင့် ထိုသာယာနှစ်သက်မှုကို လက်မခံဘဲ ရှုသိပြီး ပယ်ရ၏။

တခါတခါမှာ အထူးသွက်လက်သည့် ရှုသိမှုလေးများဖြစ်လာပြီး စိတ်လေးက ခဏရပ်ပြီး နေတတ်၏၊ ဘာမှ မရှုမသိဘဲ ရပ်ရပ်နေမှုလည်း တွေ့ရတတ်၏၊ ထိုအခါ ရပ်နေသည့် စိတ်လေးကို ထိထိ မိမိ ရှုမှတ်ပါ၊ ရပ်နေသည့် စိတ်လေးကို နိုင်အောင် ရှုသိနိုင်လျှင် ဖြောင့်ဖြောင့်မတ်မတ်သွား၏။

**အကျဉ်းချုပ်မှာ** သင်္ခါရတရားအာရုံဆီသို့ စိတ်က ပြန့်မသွားဘဲ တည်တံ့နေ၏၊ အာရုံများ၌ ဖြန့်ရှုမရတော့ဘဲ ဝိပဿနာအာရုံမှာသာ ကပ်တည်နေ၏၊ စိတ်လေးတစ်ခုတည်းသာ ရှိနေ၏၊ ယင်းသို့ ဖြစ်နေမှုများသည် အခြားအာရုံဆီသို့ ပြန့်မသွား ဟူသော သင်္ခါရုပေက္ခာဉာဏ်၏ အစွမ်းသတ္တိချည်းသာ ဖြစ်၏။

**ကြာရှည်စွာလဲ တည်မြဲသူတည်း၊**
**ကြာလေသာရွှေ့ သိမ်မွေ့လေသည်၊**
**အာရုံတခြား ပြန့်သွားကင်းသည်**
**သင်္ခါရှု ထူးမှုဂုဏ်သုံးမည်။**